# အယူဝါဒကို စွန့်ပယ်ခြင်း

YR C NO. 23

အလွတ်ကျမ်းချက်။ ။ ရှင်မဿဲခရစ်ဝင် ၇း၁၅၊ ၁၆

“အတွင်း၌ကြမ်းတမ်းသော တောခွေးဖြစ်လျက် သိုးရေကိုခြုံ၍ သင်တို့ရှိရာသို့လာသော မိစ္ဆာပရောဖက်တို့ကို သတိနှင့် ရှောင်ကြလော့။ ထိုသူတို့၏အကျင့်ကိုထောက်၍ သူတို့၏သဘောကို သိကြလိမ့်မည်။”





## တနင်္ဂနွေနေ့ | “တောခွေးများ” နှင့် “လမ်းလွဲခြင်း” ၁

လွန်ခဲ့သည့်အပတ်က ကျွန်ုပ်တို့သည် အသင်းတော်ကိုတိုက်ခိုက်မည့် “ကြမ်းတမ်းသော တောခွေးများ” ဟူသော ရှင်ပေါလု၏ ပရောဖက်ပြုချက်ပြည့်စုံခြင်းကို တွေ့မြင်ခဲ့ရသည်။ တမန်တော်ဝတ္ထု ၂၀:၂၉၊ ၃၀။

ထို့အပြင်၊ ပေါလုသတိပေးခဲ့သည့်အတိုင်း အဆိုးရွားဆုံးသော တိုက်ခိုက်မှုများသည် အသင်းတော်၏ပြင်ပရှိသူများဖြစ်သည့် ရောမဧကရာဇ်မင်း၏နှိပ်စက်ညှဥ်းပန်းမှုကဲ့သို့ ရောက်လာခြင်း မဟုတ်ပါ။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို နာမခံကြသော်လည်း၊ မိမိတို့ကို ခရစ်ယာန်ခေါင်းဆောင်များဟု ဖော်ပြခေါ်ဆိုကြသော သူတို့၏အသင်းတော်အထဲမှ တိုက်ခိုက်မှုများသည် အန္တရာယ်အရှိဆုံး တိုက်ခိုက်မှုများ ဖြစ်သည်။ အသင်းတော်အထဲသို့ရောက်လာသော မကောင်းသောအကျင့်စရိုက်များသည် သက်သာလောနိတ်ဩဝါဒစာ ဒုတိယစောင် ၂း၃၊ ၄ ၌ ရှင်ပေါလု၏ ပရောဖက်ပြုချက်ဆိုင်ရာ သတိပေးချက်တစ်ခု၏ ပြည့်စုံချက် ဖြစ်၏။

ဤပရောဖက်ပြုချက်၌ ရှင်ပေါလုသည် “လမ်းလွဲသွားခြင်း” အကြောင်း ပြောခဲ့သည်။ ဒေမသည် “ဤလောကကြီးကို ချစ်မြတ်နိုးသောကြောင့်” ခရစ်ယာန်ဘာသာကို စွန့်လွှတ်လိုက်ခြင်းဖြစ်သည်ဟု ပေါလုက သူ့ကို ပြောထားသည်။ ထို့အတူ “လမ်းလွဲ” သွားသူများအကြောင်းကို ကျွန်ုပ်တို့ကြားရသည့်အခါ၊ ကျွန်ုပ်တို့သည် လူများအား ဒေမ ကဲ့သို့ဖြစ်သည်ဟု အမြဲလိုလို ထင်ကြသည်။ ပေါလုက တိမောသေအား ငွေကိုတပ်မက်ခြင်းသည် မကောင်းမှုအမျိုးမျိုး၏မူလအမြစ် ဖြစ်ကြောင်းနှင့် ထိုငွေအတွက်၊ အချို့သောသူတို့သည် သူတို့၏လောဘကြီးမှုကြောင့် ယုံကြည်ခြင်းတရားလမ်းမှ လွဲသွား၍၊ ဝမ်းနည်းပူပန်ခြင်းဝေဒနာများစွာဖြင့် မိမိတို့ကိုယ်ကို ထုတ်ချင်းခပ်အောင်ထိုးကြရသည့်အကြောင်းကို သတိပေးခဲ့သည်။ (တိမောသေဩဝါဒစာ ပဌမစောင် ၆း၁၀)

သို့သော် ဤ “လမ်းလွဲခြင်း” နှင့်ပတ်သက်သော ဤပရောဖက်ပြုချက်သည် ဘုရားသခင်ကိုမေ့လျော့သောသူ သို့မဟုတ် ဘုရားသခင်ထံမှ ထွက်ပြေးရန်ကြိုးစားသူတစ်ဦးအကြောင်း ပြောခြင်း မဟုတ်ပါ။ ၎င်းသည် ဘုရားသခင်၏နှုတ်ကပါတ်တော်ကို ဟန်ဆောင်နာခံနေ၍၊ လျစ်လျူရှုနေသောသူများအကြောင်း ဖြစ်သည်။ ဤ “လမ်းလွဲ” သွားကြသော ခေါင်းဆောင်တစ်ဦးစီတိုင်းသည် သမ္မာကျမ်းစာက သူ့ကို “ဒုစရိုက်တည်းဟူသော ပျက်စီးခြင်း၏သား” ဟုခေါ်ဆိုထားသည့် စာတန်နှင့် အလွန်ဆင်တူသည်။ သို့သော် “အပြစ်ဒုစရိုက်တည်းဟူသော ပျက်စီးခြင်း၏အပြစ်သား” က မိမိကိုယ်ကို “သန့်ရှင်းသောသူ” ဟု ခေါ်ဆိုသည်။ သူသည် အလွန်သန့်ရှင်းသောသူဖြစ်သောကြောင့် ကမ္ဘာပေါ်တွင် သူက ဘုရားဖြစ်သည်ဟု ပြောထား၏။ သူ၏ စကားများကို နာခံရမည်ဖြစ်ကြောင်းနှင့် သူသည် ကိုးကွယ်ခြင်းခံရသင့်သည်ဟု ဆိုထားလေ၏။

သူသည် ဘုရားသခင်ဖြစ်နိုင်ပါသလား။ ကေန်မုချ၊ မဖြစ်နိုင်ပါ။ ဟေရှာယအနာဂတ္တိကျမ်း ၄၅း၁၈ ကို ဖတ်ပါ။ သူသည် ဘုရားသခင်ဖြစ်နိုင်သည်ဟု အဘယ်သူမဆို မှတ်ယူခြင်းသည် အလွန်ပင်မိုက်မဲရာကျပါသည်။

“ဒုစရိုက်တည်းဟူသော ပျက်စီးခြင်း၏သား” သည် “ဘုရားသခင်၏ပလ္လင်တော်၌ ဘုရားသခင်ကဲ့သို့” ထိုင်လိမ့်မည်ဟု ရှင်ပေါလုသတိပေးခဲ့သည့်အတိုင်း၊ ဤဆိုးဝါးသောမကောင်းမှုသည် အသင်းတော်ထဲသို့ ဝင်ရောက်လာခဲ့သည်။ သခင်ယေရှုဒုတိယ အကြိမ်ကြွလာသောအခါ၌ သူသည် ဖျက်ဆီးခံရသည့်အထိ၊ ဤ “ဒုစရိုက်တည်းဟူသော ပျက်စီးခြင်း၏အပြစ်သား” သည် ဘုရားသခင်၏လူများအတွက် ဆက်လက်အန္တရာယ်ရှိလိမ့်မည်ဟု သမ္မာကျမ်းစာက ဆိုထားသည်။ သက်သာလောနိတ်ဩဝါဒစာ ဒုတိယစောင် ၂း၈။

**လက်တွေ့ကျင့်သုံးရန်။** ဘုရားသခင်သည် ကျွန်ုပ်တို့၏ နှလုံးသားများထဲတွင် နေချင်ပါသည်။ စာတန်သည်လည်း ထိုနည်းအတိုင်းပင်ဖြစ်သည်။ ရှင်မဿဲခရစ်ဝင် ၆း၂၄ က ကျွန်ုပ်တို့သည် ရွေးချယ်မှုတစ်ခုကို ပြုလုပ်ရမည်ဖြစ်သည်ဟု ကျွန်ုပ်တို့အား ပြောထားသည်။ ကျွန်ုပ်တို့သည် မေတ္တာရှင်ဘုရားသခင်အား အစေခံရန်ရွေးချယ်ခြင်း သို့မဟုတ် ဤလောက၏ကမ်းလှမ်းချက်များကို ကျွန်ခံခြင်းများ ဖြစ်စေ တစ်ခုခုကို ရွေးချယ်နိုင်ပါသည်။ သင်၏ရွေးချယ်မှုကား အဘယ်သို့နည်း။

## တနင်္လာနေ့ | ဘုရားသခင်၏ပလ္လင်ပေါ်၌ ထိုင်နေခြင်း ၂

"ဂီတဇာတ်ခုံများ" ပြိုင်ပွဲတွင် လူနှစ်ဦးသည် တစ်ချိန်တည်း ဇာတ်ခုံပေါ်တွင်ထိုင်ရန် ကြိုးစားသောအခါ၊ ဘာဖြစ်မည်နည်း။ ဘယ်သူမှ စိတ်ထိခိုက် နာကြင်စရာမရှိဘူးဆိုလျှင် ၎င်းသည် ရယ်စရာဖြစ်နိုင်ပါသည်။

သို့သော် တိုင်းပြည်ရှိလယ်သမားများသည် လွတ်လပ်စွာလုပ်ကိုင်ခွင့်ရှိကြသည်၊ အဘယ်ကြောင့်ဆိုသော် ဧကရာဇ်သည် ကောက်ပဲသီးနှံများကို မဆုံးရှုံးစေလိုသောကြောင့်တည်း။ သို့သော် သမ္မာကျမ်းစာက ထိုသို့ သွန်သင်ထားပါသလား။ ထွက်မြောက်ရာကျမ်း ၃၄း၂၁။



၎င်းသည် ဘာသာရေးဥပဒေဖြစ်သည်မှာ ထင်ရှားလှပါသည်။ သို့ပေမည့် ၎င်းသည် အဘယ်သို့သော ဘာသာရေးမျိုးဖြစ်သလဲ။ အယူမှားကိုးကွယ်သူများသည် ဧကရာဇ်မင်းတွင် ထူးဆန်းသည့်အရာတစ်စုံတစ်ခုကိုမျှမတွေ့ခဲ့ကြချေ၊ ဧကရာဇ်မင်းသည် အယူမှားကိုးကွယ်သည့် ရောမဘာသာရေး၏ယဇ်ပုရောဟိတ်မင်းလည်း ဖြစ်ပြီး၊ နေကိုကိုးကွယ်ရန်လည်း သူအမိန့်ပေးခဲ့သည်။ ခရစ်ယာန် အများစုသည် အလွန်စိတ်ရှုပ်ထွေးခဲ့ကြပြီး၊ ဘုရားကျောင်းသို့တက်ရန် အခြားရက်တစ်ရက်သာ ဖြစ်နေသည်ဟု ထင်မှတ်ခဲ့ကြသည်။ ကွန်စတင်တိန်းသည် လူတိုင်းကိုပျော်ရွှင်အောင် အမြဲတမ်းကြိုးပမ်းခဲ့သောသူဖြစ်သည်။

သို့သော် အသင်းတော်များတွင် လူများမပြည့်လျှံသေးပါ။ အယူမှားဝါဒီများသည် ဘာသာရေးကိုပြောင်းလဲရန် အကြောင်းပြ ချက်ကောင်းများကို လုံးဝမစဉ်းစားနိုင်ကြပါ။ တနင်္ဂနွေနေ့တွင် ဘုရားရှိခိုးကျောင်းကို သွားမည့်အစား သူတို့သည် ဆပ်ကပ်အဖွဲ့ (ရှေး ရောမခေတ် အများပြည်သူများပါဝင်ကစားခုန်စားပွဲများ ကျင်းပရာလဟာပြင်) သို့မဟုတ် ပြဇာတ်ရုံသို့ သွား၍ တစ်နေ့ကုန် ပျော်ရွှင်နေ ခဲ့ကြသည်။

နှစ်ပေါင်းကြာလာသည်နှင့်အမျှ၊ ဧကရာဇ်မင်းတို့သည် တစ်ပါးပြီးတစ်ပါးတက်လာ၏။ ထို့အပြင် သူတို့သည် တနင်္ဂနွေနေ့ ဝတ်ပြုကိုးကွယ်ခြင်းအမှုကို ပြဌာန်းရန်ကြိုးစားနေသည့်ဥပဒေများသည် အရင်ကထက် ပို၍ တင်းကျပ်လာလေသည်။ အေဒီ ၃၈၀ တွင် ရောမပြည်သူများအားလုံးကို ရောမကက်သလစ်အသင်းတော်၏ယုံကြည်ချက်ကို လက်ခံရန်မိန့်မှာခဲ့သည်။ ထို့နောက် အေဒီ ၃၈၆ တွင် တနင်္ဂနွေနေ့တွင် စီးပွားရေးလုပ်ငန်းအားလုံး ပိတ်ပစ်ရမည်ဟု အမိန့်ထုတ်လိုက်သည်။ ထို့အပြင် အေဒီ ၄၀၁ တွင်၊ တနင်္ဂနွေနေ့များ၌ ဆပ်ကပ်ပွဲများနှင့် ရုပ်ရှင်ရုံများကိုလည်း ပိတ်ရန် အမိန့်ပေးခဲ့သည်။ သူတို့အားလုံးသည် ယခုတွင် တရားဝင် “ခရစ်ယာန်များ” ဖြစ်သော် လည်း လူများတို့သည် အသင်းတော်များနှင့် ဝေးကွာနေခဲ့ကြသည်။

နောက်ဆုံး၌ အေဒီ ၄၂၅ တွင်၊ ဧကရာဇ်မင်းသီအိုဒိုစီယပ်စ် ၂ (Theodosius II) သည် နိုင်ငံသားအားလုံး တနင်္ဂနွေနေ့တွင် ဝတ်ပြုကိုးကွယ်ရမည်ဟု စီရင်ချက်ချမှတ်ခဲ့သည်။

**လက်တွေ့ကျင့်သုံးရန်။** ဘုရားသခင်က လူများကို သူ့ကိုကိုးကွယ်ဖို့ရန် အတင်းအကျပ်အမြဲတွန်းအားပေးသလား။ ယောရှုမှတ်စာ ၂၄း၁၅။ သူသည် လူတိုင်းအား မည်သည့်ဖိတ်ကြားခြင်းမျိုးကို ပေးနေသနည်း။ ရှင်မဿဲခရစ်ဝင် ၁၁း၂၈။

## သောကြာနေ့ | ကမ္ဘာတစ်ခုလုံးကို ကြေငြာခြင်း ၆

"ဒုစရိုက်တည်းဟူသော ပျက်စီးခြင်း၏သား" ထူထောင်ခဲ့သော အသင်းတော်သစ်သည် ပိုမိုအားကောင်းကြီးထွားလာခဲ့သည်။ ထိုအချိန်မတိုင်ခင် လွန်ခဲ့သောအနှစ်တစ်ရာကျော်၌ ခရစ်ယာန်ဘဏ္ဍာများကို ပြန်လည်အပ်နှံခြင်းအကြောင်းနှင့်ပတ်သတ်၍ ဂိုဏ်းချုပ်ဘုန်းတော်ကြီးများကငြင်းခုံကြသောအခါ၊ ရောမဂိုဏ်းချုပ်က ကွန်စတင်တိန်းအား သူတို့နှင့် သဘောတူသူများမှာ ခရစ်ယာန်များသာ ဖြစ်သည်ဟု အာမခံခဲ့သည်။ သူသည် မိမိ၏ဘာသာတရားကို ကက်သလစ်အသင်းတော်ဟုခေါ်ဆိုပြီး၊ ၎င်းကို စစ်မှန်သောခရစ်ယာန်အသင်းတော်တစ်ခုအဖြစ် ကြေငြာရန် ဧကရာဇ်မင်းအား တောင်းဆိုခဲ့သည်။

ယနေ့တွင်၊ "ကက်သလစ်" ဟူသောစကားလုံးသည် အလွန်အသုံးများသောကြောင့် လူအများက ၎င်းသည် မည်သည့် အဓိပ္ပာယ်ရှိသည်ကို အမှန်တကယ်မသိကြပါ။ သို့သော် ထိုစဉ်ကဂရိစကားလုံးအရ “ကမ္ဘာတစ်ဝှမ်းလုံး” ဟုအဓိပ္ပာယ်ရှိခဲ့ကြောင်း လူတိုင်း သိထားခဲ့ကြသည်။ ရောမဂိုဏ်းချုပ်ဘုန်းတော်ကြီး က တစ်ကမ္ဘာလုံးကို သူ့ပိုင်နက်အဖြစ် ကြေငြာခဲ့သည်။ ဟုတ်ပါသည်၊ အခြားသောနေရာများတွင်လည်း အခြားသောဂိုဏ်းချုပ်ဘုန်းတော်ကြီးများ ရှိနေခဲ့ပါသည်။ သို့သော် သူတို့အားလုံးသည် သူပြောသောအရာများကို လုပ်ဆောင်ကြရသောသူများသာ ဖြစ်၏။



ကွန်စတင်တိန်းသည် “ကက်သလစ်” ဘာသာကို တရားဝင် အမည်ပေးပြီး အနှစ်တစ်ရာခန့်အကြာတွင်၊ အသင်းတော်သည် ၎င်း၏နာမည်နှင့်အညီ နေထိုင်ခဲ့သည်။ ရောမနိုင်ငံသားအားလုံးသည် ကက်သလစ်ဘာသာဝင်များဖြစ်ရမည်ဟု ကြေငြာခဲ့သည်။ ရောမဂိုဏ်းချုပ်ဘုန်းတော်ကြီးသည် ကက်သလစ်ဘာသာဝင်များအားလုံးကို တာဝန်ယူထားသူဖြစ်ခဲ့သည်။ ဤအရာသည် အသင်းတော်တွင် အသင်းဝင်တစ်ဦးအနေနှင့် ပါဝင်သူအားလုံး၏ တာဝန်ခံဖြစ်သည်ဟု ဆို လိုခြင်းဖြစ်သည်။

သင်စိတ်ကူးမြင်ယောင်နိုင်သကဲ့သို့ပင် လူတိုင်းအားလုံးသည် မပျော်ရွှင်ကြပါ။ အမှန်တကယ်မှာ၊ အခြားအသင်းတော်များ၏ ဂိုဏ်းချုပ်ဘုန်းတော်ကြီးများသည် ဤအစီအစဉ်နှင့်အညီ သွားဖို့ရန် အလိုမရှိခဲ့စဉ်ကပင်၊ ထောင်ချီသောသေဆုံးမှုများနှင့် နှစ်ပေါင်းများစွာ ပဋိပက္ခများဖြစ်ပွားခဲ့ပြီးဖြစ်သည်။ သို့သော် နောက်ဆုံး၌ သူတို့လုပ်ဆောင်ခဲ့သည်။

**လက်တွေ့ကျင့်သုံးရန်။** သင်ယခု တစ်မိနစ်လောက် စဉ်းစားပါ။ အသင်းတော်သစ်၏ ပိုင်နက်တွင်နေထိုင်သူအားလုံးသည် အသင်းတော်နှင့်သက်ဆိုင်ပြီးသားဖြစ်မည်ဆိုလျှင်၊ အသင်းတော်အသစ်က ကမ္ဘာတစ်ခုလုံးကို ပိုင်နက်အဖြစ်ကြေငြာမည်ဆိုလျှင်၊ ထိုနောက် ကက်သလစ်အသင်းတော်က အခွင့်အာဏာရှိသည်ဟု လူမည်မျှက ပြောဆိုခဲ့သနည်း။ ထိုအရာမှာ မှန်ပါသည်။ လူတိုင်းသည် ကမ္ဘာပေါ်၌ ရှိနေကြသောလူများဖြစ်ကြသည်။ ထိုသို့ဆိုလိုသည်မှာ အသင်းတော်နှင့် လောက နှစ်ခုကြား ကွာခြားမှုမရှိပါ။ သို့သော် ၎င်းအကြောင်းကို သခင်ယေရှုက ဘာ ပြောဆိုထားခဲ့သနည်း။ ရှင်ယောဟန်ခရစ်ဝင် ၁၅း၁၉၊ ရှင်ယောဟန်ခရစ်ဝင် ၁၇း၁၄။

© ၂၀၂၃ - My Bible First www.mybiblefirst.org sales@mybiblefirst.org

သို့သော် ရယ်စရာမဟုတ်သောအရာမှာ တစ်စုံတစ်ယောက်သည် ဘုရားသခင်၏ပလ္လင်ပေါ်တွင် ထိုင်ရန်ကြိုးစားနေပါသည်။ မှန်ပါသည်၊ ဤအရာသည် မဖြစ်နိုင်သောအရာဖြစ်သည်။ သို့သော် ၎င်းသည် “ဒုစရိုက်တည်းဟူသော ပျက်စီးခြင်း၏သား” ဟုခေါ်ဆိုခြင်းမှာ သူကိုယ်တိုင်ကိုယ်ပိုင်အသင်းတော်တစ်ခု တည်ထောင်ခြင်းနှင့် ၎င်းအသင်းတော်သည် သခင်ယေရှုစတင်ခဲ့သည့်စစ်မှန်သော ခရစ်ယာန်အသင်းတော်ဖြစ်သည်ဟု ခေါ်ဆိုခြင်းအားဖြင့် သူလုပ်နိုင်သည်ဟု ဖော်ပြခဲ့သည်။ သူသည် ၎င်းကို ဘုရားသခင်၏စစ်မှန်သော ခရစ်ယာန်အသင်းတော်နှင့်တူအောင် ပြုလုပ်ရန် ကြိုးစားသော်လည်း၊ ၎င်းကို ဘုရားသခင်၏စစ်မှန်သောခရစ်ယာန်အသင်းတော်ဟု ခေါ်ဆိုသော်လည်း၊ ၎င်းသည် ဘုရားသခင်၏စစ်မှန်သော ခရစ်ယာန်အသင်းတော် မဟုတ်နိုင်ပေ။

သင်ရော ရှုပ်ထွေးနေသောအရာနှစ်ခုသည် အလွန်ဆင်တူသည့် အရာများရှိပါက၊ ကွဲပြားခြားနားမှုများကို သင်သိရှိရန် အထူး ဂရုစိုက်ရပါမည်။ ကျွန်ုပ်တို့သည် “ဒုစရိုက်တည်းဟူသော ပျက်စီးခြင်း၏သား” တည်ထောင်ဖွင့်လှစ်ခဲ့သော ဤအသင်းတော်သစ်ကို ကြည့်သောအခါ၊ ကျွန်ုပ်တို့ အသေအချာ လုပ်ဆောင်ရမည့်အရာများစွာ ရှိပါသည်။

ဤအသင်းတော် “အသစ်” ကို ရုတ်တရက် တည်ထောင်ခဲ့ခြင်း မဟုတ်ပါ။ ၎င်းသည် နှစ်ပေါင်းများစွာ တဖြည်းဖြည်း ကြီးထွားလာခဲ့သည်။ ၎င်းသည် တမန်တော်ရှင်ပေါလု အသက်ရှင်ခဲ့စဉ်ကပင် ဖြစ်ပျက်နေခဲ့သည်။ ပေါလုက “ဝှက်ထားလျက်ရှိသော ထိုအဓမ္မအရာ” သည် အမှုတော်၌ (သို့) အသင်းတော်လုပ်ငန်းမှာ ရှိနေပြီးသားဖြစ်သည်ဟု ရေးသားခဲ့သည်။ သက်သာလောနိတ်ဩဝါဒစာ ဒုတိယစောင် ၂း၇ နှင့် ရှင်ပေတရုဩဝါဒစာ ဒုတိယစောင် ၂း၁-၃။

စာတန်သည် နှစ်ပေါင်းစွာကပင် ဘုရားသခင်၏အသင်းတော်ကို မှားယွင်းသောအတွေးအခေါ်များကို ယူဆောင်ဖို့ရန် ကြိုးပမ်းခြင်းဖြင့် တိုက်ခိုက်ခဲ့ပြီး၊ နောက်ဆုံး၌ အောင်မြင်ခဲ့သည်။ ဝမ်းနည်းစရာမှာ အသင်းတော်အသစ်သည် ထုံးတမ်းစဉ်လာများ၊ ဓလေ့ထုံးစံများ၊ ယုံကြည်ချက်များနှင့် လူတို့၏ထင်မြင်ချက်များအပေါ်တွင်သာ တည်ထောင်ခဲ့သည်။



**လက်တွေ့ကျင့်သုံးရန်။** စစ်မှန်သောအသင်းတော် တည်ထောင်ခြင်းအကြောင်းကို ပေါလုက ဘာပြောသလဲ။ ကောရိန္သုဩဝါဒစာ ပဌမစောင် ၃း ၁၁။

“ခရစ်တော်အပေါ်၌ တည်ထောင်ခြင်း” ဆိုသည်မှာ ကျွန်ုပ်တို့သည် ဘုရားသခင်၏စကားတော်တိုင်းကို နာခံခြင်းဟု ခေါ်သည်။ ပေါလုက ဘုရားသခင်၏ နှုတ်ကပတ်တော်စား၊ လူများသည် မည်သည့်အရာကို ယုံကြည်ကြလိမ့်မည်ဟု ပြောခဲ့သနည်း။ တိမောသေဩဝါဒစာ ဒုတိယစောင် ၄း၃၊ ၄။

## အင်္ဂါနေ့ | ဂိုဏ်းချုပ်ဘုန်းတော်ကြီးတို့ကို ရန်တိုက်ပေးခြင်း ၃

ရောမဂိုဏ်းချုပ်ဘုန်းတော်ကြီးများသည် ခရစ်ယာန်များက သူ့ကိုကူညီနိုင်သည်ဟု ဧကရာဇ်ကွန်စတင်တိန်းအား အယုံသွင်း စည်းရုံးသိမ်းသွင်း၍ ကူညီပေးခဲ့ကြသည်။ အပြန်အလှန်အားဖြင့်၊ ခရစ်ယာန်များသည်လည်း ကွန်စတင်တိန်းအား သူတို့ကို ကူညီလိုခဲ့ကြ၏။ ကွန်စတင်တိန်းအတွက် ၎င်းသည် မျှတသောကုန်သွယ်မှုတစ်ခုဟုထင်ရပြီး၊ မကြာမီတွင် သူသည် ရောမပြည်သူပြည်သားများအား ခရစ်ယာန်များဖြစ်လာစေရန် ခွင့်ပြုသည့် ဥပဒေတစ်ခု (မီလန်အမိန့်) ကို ထုတ်ပြန်ခဲ့သည်။ ထို့အပြင် နှိပ်စက်ညှဉ်းပန်းသည့် နှစ်များအတွင်း သူတို့ထံမှသိမ်းယူခဲ့သောပစ္စည်းများကို ပြန်ပေးရန်အထိပင် သူသွားခဲ့ရသည်။

ဝမ်းနည်းစရာကောင်းသည်မှာ၊ တစ်ကိုယ်ကောင်းဆန်သည့် “ခရစ်ယာန်” ခေါင်းဆောင်အများကြီးရှိနေခြင်း ဖြစ်သည်။ ရောမ ဂိုဏ်းချုပ်ဘုန်းတော်ကြီးနှင့် ကောင်းသောဆက်ဆံရေးရှိခဲ့သည့် မြောက်အာဖရိကမှ ခရစ်ယာန်ဟုခေါ်သည့်ခေါင်းဆောင်အချို့က အချို့သောခရစ်ယာန်များသည် သူတို့၏ပိုင်ဆိုင်ရာများကို ပြန်မရထိုက်ကြောင်းပြောဆိုခဲ့ကြပြီး၊ ၎င်းအား ပြန်ပေးမည့်အစား၊ အားလုံးကို သူတို့ထံကိုသာ ပေးသင့်သည်ဟု ပြောဆိုခဲ့ကြ၏။



ရောမမြို့ရှိခရစ်ယာန်ခေါင်းဆောင်များသည် သူတို့သည်သာ စစ်မှန်သောခရစ်ယာန်အသင်းတော်ကို ကိုယ်စားပြုသည်ဟု ပြောဆိုကြ၏။ ထို့မျှမက၊ ရောမရှိခေါင်းဆောင်များနှင့် သဘောမတူသော၊ ဆန့်ကျင်သောခရစ်ယာန်များသည် မည်သည့်အရာမှမရသင့် ဟု ပြောလေ၏။ ဟုတ်ပါသည်၊ စွပ်စွဲခံရသောခရစ်ယာန်များသည် ဆန့်ကျင်ဘက် ဖြစ်သွားလေသည်။

ဤသို့သောလူများတို့သည် သခင်ယေရှု၏လုပ်ဆောင်ချက်နဲ့ တူညီပါသလား။ သခင်ယေရှုသည် မိမိ၏နိုင်ငံတော်အကြောင်းနှင့်ပတ်သက်၍ မည်သို့ပြောဆိုထားသနည်း။ ရှင်ယောဟန်ခရစ်ဝင် ၁၈း ၃၆။

ဤတစ်ကိုယ်ကောင်းဆန်သောသူများသည် ဘယ်သူသည် ဤရရှိမည့်ပစ္စည်းဥစ္စာကို ရသင့်သလဲဟူသည်ကို တိုက်ခိုက်နေကြသောအခါ၊ သူတို့အားလုံးက ဧကရာဇ်သည် သူတို့အား ပေးလိမ့်မည်ဟု မျှော်လင့်ခဲ့ကြသည်။ ထို့ကြောင့် သူတို့သည် ဧကရာဇ်မင်း ကွန်စတင်တိန်းအား သူတို့၏အငြင်းပွားမှုဖြစ်သည့် အဘယ်သူက ဤပိုင်ဆိုင်မှုကို ရသင့်ကြောင်းကို ဖြေရှင်းပေးဖို့ရန် တောင်းဆိုခဲ့လေ၏။ သဘာဝကျကျ၊ ကွန်စတင်တိန်းသည် ရောမဂိုဏ်းချုပ်ဘုန်းတော်ကြီး သို့မဟုတ် ဘိရှော့ (bishop)များနှင့် သူအားစစ်ပွဲ ဆင်နွှဲ၍ အောင်မြင်အောင်နှင့် ဧကရာဇ်မင်းဖြစ်လာရန် ကူညီပေးသူများနှင့်သာ သဘောတူရန် ရည်ရွယ်ချက်ရှိခဲ့သည်။

မကြာခင်မှာပဲ ဂိုဏ်းအုပ်ဘုန်းတော်ကြီးများသည် ယုံကြည်ချက်များကွဲလွဲချက်များကို စတင်တိုက်ခိုက်လာကြပြီး၊ ယခုတွင် သူတို့က ဧကရာဇ်မင်းအား အခြားသောလူများအားလုံးကို သူတို့ယုံကြည်သည့်အရာကို ယုံကြည်အောင်လုပ်ဖို့ တောင်းဆိုခဲ့ကြလေ၏။

အတန်ကြာသော်၊ ကွန်စတင်တိုင်းသည် မိမိကိုယ်ကို ခရစ်ယာန်အသင်းတော်၏အမြင့်ဆုံးအာဏာပိုင်အဖြစ် ရှုမြင်ခဲ့သည်။ ဧကရာဇ်မင်းအဖို့ ဤအရာကိုထင်မြင်စဉ်းစားရန်မှာ လွယ်ကူပေလိမ့်မည်။ နောက်ဆုံးတွင်၊ သူသည် ရောမအယူမှားဝါဒ၏အမြင့်ဆုံး အာဏာရှိသူအဖြစ် ရှိနေပြီးသားဖြစ်လေသည်။

**လက်တွေ့ကျင့်သုံးရန်။** ဤငြင်းခုံမှုမျိုးများနှင့် ပတ်သက်၍ သမ္မာကျမ်းစာက မည်သို့ဆိုထားသနည်း။ ခရစ်ယာန်များသည် မည်သည့် အရာကို လုပ်သင့်သနည်း။ ကောရိန္သုဩဝါဒစာ ပဌမစောင် ၆း ၁-၈။

## ဗုဒ္ဓဟူးနေ့ | အယူဝါဒကို စွန့်ပယ်ခြင်း - အဆင့်ဆင့် ၄

ကွန်စတင်တိန်းနှင့် ရောမရှိအသင်းတော်ခေါင်းဆောင်များသည် အယူမှားဝါဒီများ (ဘာသာမဲ့နှင့် အခြားဘုရားကိုကိုးကွယ်သည့် ဘာသာများ) ကို “ခရစ်ယာန်” ဖြစ်လာစေလိုကြသည်။ အသင်းတော်ခေါင်းဆောင်များက အသင်းသူအသင်းသားများ များသထက်များခြင်းသည် သူတို့မှာ ဩဇာအာဏာပို၍ရှိလိမ့်မည်ဟု ယုံကြည်ခဲ့ကြသည်။ ထို့အပြင်၊ ဧကရာဇ်မင်းကလည်း လူများတို့သည် အသင်းတော်သို့ ဝင်လာပါက အင်ပါယာကို စည်းလုံးရန် အကူအညီဖြစ်စေလိမ့်မည်ဟု ယုံကြည်သည်။ သို့သော် သူတို့သည် အယူမှားယုံကြည်သူများအားဖြင့် ဘာသာတရားများကို မည်သို့ ပြောင်းလဲစေနိုင်ခဲ့သနည်း။

ဤမေးခွန်းသည် အသစ်သောမေးခွန်းတစ်ခု မဟုတ်ခဲ့ချေ။ လွန်ခဲ့သောနှစ်ပေါင်းနှစ်ရာနီးပါးက သစ္စာမရှိသောအသင်းတော် ခေါင်းဆောင်များသည် ယင်းအကြောင်းကို စဉ်းစားခဲ့ကြသည်။ ၎င်းသည် ယေရှု၏တပည့်တော်တစ်ဆယ့်နှစ်ပါးတွင်နောက်ဆုံးပုဂ္ဂိုလ်ဖြစ်သော ယောဟန်သေဆုံးပြီးနောက် အနှစ်တစ်ရာမတိုင်မီတွင် ဖြစ်ပျက်ခဲ့သည်။



ထိုအချိန်မှစ၍၊ သစ္စာမရှိသောခေါင်းဆောင်များသည် ခရစ်ယာန်ဘာသာကို အယူမှားဝါဒနှင့်အလား သဏ္ဍာန်တူသထက်တူအောင် လုပ်ဆောင်ခြင်းအားဖြင့် လူများကိုဆွဲဆောင်ရန် ကြိုးစားခဲ့ကြသည်။ သူတို့အဓိကကြိုးစားခဲ့သည့်အရာတစ်ခုမှာ ဥပုသ်နေ့တွင် မဟုတ်ဘဲ တနင်္ဂနွေနေ့တွင် ဝတ်ပြုခြင်းအစပြုဖို့ရန် ဖြစ်သည်။ နေနတ်ဘုရားကို ကိုးကွယ်သူများသည် တနင်္ဂနွေနေ့တွင် သူတို့ဝတ်ပြုကိုးကွယ်နေပြီးသားဖြစ်သောကြောင့် ယင်းသည် အယူမှားကိုးကွယ်သူများ (ဘုရားမဲ့နှင့် အခြားဘုရားများ။ နတ်ဘုရားများကို ကိုးကွယ်သူများ) အတွက် ပြဿနာ မဟုတ်ချေ။

မှန်ပါသည်၊ ခရစ်ယာန်မဟုတ်သောသူများအားလုံးသည် ဤအရာကို လုပ်ဆောင်လိုက်လျောက်ခဲ့ကြ၏။ လူအများတို့သည် ဘုရားသခင်အပေါ်သစ္စာစောင့်သိကြပြီး၊ သခင်ယေရှုနှင့် တပည့်တော်များစောင့်ထိန်းခဲ့သကဲ့သို့ သူတို့သည် ဥပုသ်နေ့ကို စောင့်ထိန်းခဲ့ကြသည်။ “ဘုရားသခင်၏စကားကိုနားမထောင်ခြင်းနှင့် ပညတ်တော်တို့ကို လွန်ကျူးခြင်းအမှုမှတပါး၊ အဘယ်ကျေးဇူးရှိသနည်း” ဟု သူတို့က မေးလေ၏။

သို့သော်၊ တနင်္ဂနွေနေ့တွင် ဝတ်ပြုကိုးကွယ်သူများသည် ဥပုသ်စောင့်ခြင်းကို ယုဒလူမျိုး(ဂျူး) များနည်းတူစောင့်ခြင်းသည် မှားသည်ဟု ဆိုကြသည်။ အဘယ်ကြောင့်ဆိုသော သူတို့(ယုဒလူမျိုး) သည် သခင်ယေရှုကို သတ်ခြင်းအပြစ်ရှိသောသူများဖြစ်ပြီး၊ စင်စစ်ဘုရားသခင်သည် သူတို့ကိုမုန်းတော်မူသည်ဟု သူတို့သည် ငြင်းခုန်ခဲ့ကြ၏။ သို့သော် သခင်ယေရှုနှင့် သူ့တပည့်တော်တို့သည် ယုဒလူမျိုး (ဂျူး) များကို မုန်းခဲ့ပါသလား။ ရှင်မဿဲခရစ်ဝင် ၂၃း၃၇၊ ရှင်မဿဲခရစ်ဝင် ၅း၄၄၊ တမန်တော်ဝတ္ထု ၇း၅၉၊ ၆၀။

မကြာခင်မှာပဲဥပုသ်နေ့ကိုချိုးဖောက်သောသူများသည် တနင်္ဂနွေနေ့ကိုသန့်ရှင်းအောင်စောင့်ထိန်းဖို့ရန်အတွက် နောက်အကြောင်းရင်း သို့မဟုတ် အကြောင်းပြချက်တစ်ခုကို ရှာတွေ့လိုက်သည်။ သူတို့သည် တနင်္ဂနွေနေ့၌ကိုးကွယ်ခြင်းအားဖြင့် သခင်ယေရှု၏ ရှင်ပြန်ထမြောက်ခြင်းကို ဂုဏ်ပြုဂုဏ်တင်ခြင်းဖြစ်ကြောင်း ပြောခဲ့ကြလေ၏။ သို့သော် သူတို့သည် သခင်ယေရှုကို အမှန်တကယ်ဂုဏ်ပြုဂုဏ်တင်နေကြသလား။ သူ၏ရှင်ပြန်ထမြောက်ခြင်းကိုသတိရရန် ကျွန်ုပ်တို့အား သူမည်သို့တောင်းဆိုသ နည်း။ ရောမဩဝါဒစာ ၆း၃-၈။

ကွန်စတင်တိန်း၏မီလန်အမိန့် (Edict of Milan) သည် ခရစ်ယာန်ဘာသာကိုပထမဆုံးအကြိမ်အဖြစ် တရားဝင်ဖြစ်စေသည့်အခါ၊ အသင်းတော်ခေါင်းဆောင်များသည် အသင်းတော်ထဲသို့ဝင်ရန်နှင့် ဘုရားကျောင်းသို့လာရောက်ရန် အယူမှားဘုရားများ ကိုးကွယ်သူများကို တိုက်တွန်းအားပေးသည့်ဥပဒေများကိုပြဋ္ဌာန်းရန် ကွန်စတင်တိန်းအား ချက်ချင်း တောင်းဆိုခဲ့ကြသည်။ ထို့ကြောင့် ဧကရာဇ်သည် အပတ်စဉ်တနင်္ဂနွေနေ့တိုင်း တရားရုံးအားလုံး၊ အစိုးရရုံးများအားလုံးကို ပိတ်ရန် အမိန့်ပေးလိုက်သည်။ သို့သော် အယူမှားအများစုသည် အသင်းတော်ဘုရားကျောင်းသို့ စတင်သွားကြခဲ့သလား။ အဘယ်သူမျှမသွားပါ၊ သူတို့ပဲလုပ်ဆောင်ဖို့ရန် အခြားသော အမှုအရာများကို တွေ့ရှိခဲ့ပါသည်။

**လက်တွေ့ကျင့်သုံးရန်။** ယနေ့ခေတ်လူများသည် ဘုရားသခင်ကို အဘယ်သို့ဝတ်ပြုကိုးကွယ်ရမည်၊ အဘယ်သို့ အမှုထမ်းရမည် အကြောင်းနှင့်ပတ်သက်၍ အတွေးအမြင်အသစ်များ ထွက်ပေါ်လာနေဆဲ ဖြစ်ကြသည်။ အတွေးအခေါ်အသစ်များတိုင်းသည် မှားပါသလား။ အကယ်၍ မရရှိလျှင်၊ မကောင်းသောအရာများမှ ကောင်းသောအကြံဉာဏ်များကို သင်ဘယ်လိုပြောပြနိုင်ပါသလဲ။ ရှင်ယောဟန်ခရစ်ဝင် ၇း၁၇၊ ဟေရှာယအနာဂတ္တိကျမ်း ၈း၂၀။

## ကြာသပတေးနေ့ | ပထမဆုံး တနင်္ဂနွေဥပဒေ ၅

ဂိုဏ်းအုပ်ဘုန်းတော်ကြီးများက ဧကရာဇ်မင်း၏ဥပဒေသစ်သည် လူတို့အားဘုရားရှိခိုးကျောင်းတက်ရန် အားပေးလိမ့်မည်ဟု မျှော်လင့်ခဲ့ကြသည်။ သို့သော် ၎င်းသည် အများကြီး မထူးခြားခဲ့ပေ။ အယူမှားကိုးကွယ်သူများသည် သူတို့၏ဘာသာမှပြောင်းလဲဖို့ရန် ကောင်းသောအကြောင်းပြချက်တစ်စုံတစ်ခုမျှ မရှိခဲ့ပေ။ သူတို့က “ကျွန်တော်တို့သည် ပတ်ဝန်းကျင်ရှိခရစ်ယာန်များကဲ့သို့ ကောင်းမွန်သော အသက်တာများဖြင့် နေထိုင်ကြပါသည်။ သူတို့သည် လိမ်ညာခြင်း၊ ခိုးခြင်း၊ လိမ်လည်ခြင်းများကို သူတို့ထက် ဘယ်တစ်ခုမှ မလုပ်ပါ” ဟု ပြောခဲ့ကြ၏။

ဝမ်းနည်းစရာကောင်းသည်မှာ ၎င်းသည် အလွန်ပင် မှန်ခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် အသင်းတော်ခေါင်းဆောင်များနှင့် ဧကရာဇ်မင်းသည် အသက်တာမပြောင်းလဲဘဲ ဘာသာပြောင်းဝင်လာသောလူအမြောက်အများကို အသင်းတော်တွင်ဝင်လာရန်နှင့် ပူးပေါင်းရန် ဆွဲဆောင်ခဲ့ကြသောကြောင့် “ခရစ်ယာန်များ” နှင့် အယူမှားတို့အကြား အမှန်တကယ်ကွာခြားမှုသိပ်မရှိခဲ့တော့ချေ။ သို့သော် ယေရှုသည် ထိုသို့ မဖြစ်လိုပါ။ ခရစ်ယာန်တစ်ဦး၏အသက်တာသည် မယုံကြည်သူများအပေါ် မည်သည့်သဘောထား၊ ခံစားချက်၊ ထင်မြင်ချက် ဖြစ်စေသင့်သနည်း။ ရှင်ပေတရုဩဝါဒစာ ပဌမစောင် ၂း၁၁၊ ၁၂။

လူတို့အား အသင်းတော်ထဲသို့ဝင်လာရန် တစ်ခုတည်းသောနည်းလမ်းမှာ တနင်္ဂနွေနေ့တွင် ဘုရားကျောင်းသို့သွားရန် လိုအပ်သောဥပဒေများကို ပြဋ္ဌာန်းရန်ဖြစ်သည်။ ဤဥပဒေများ၏အရေးအကြီးဆုံးတစ်ခုမှာ အေဒီ ၃၂၁ ၌ ဖြစ်လာခဲ့သည်။ ဤအရာသည် သမိုင်းမှာ ပထမဆုံး တနင်္ဂနွေနေ့ဥပဒေပဲ ဖြစ်သည်။ ဂိုဏ်းအုပ်ဘုန်းတော်ကြီးများ၏တိုက်တွန်းအားပေးမှုကြောင့် ကွန်စတင်တိန်းသည် ရောမမြို့ရှိ မည်သူမဆို အားလုံးကို “နေမင်းကြီးနေ့၌အနားယူ” ရန် အမိန့်ပေးခဲ့သည်။